# ရေလွှမ်းမိုးခြင်းအတွက် ကြိုတင်ပြင်ဆင်ရန် သင်ယခု လုပ်နိုင်သည့်

## အကြံပြုချက် ၈ ချက်


**1** သင့်အန္တရာယ်ကို သိရှိထားပါ



**2** မည်သည့်နေရာသို့ သွားရမည်ကို နားလည်ထားပါ



**၃** မည်သူ့အား ဖုန်းဆက်ရမည်ကို သိရှိထားပါ





**၄** သင့် အစီအစဉ်ကို ဝေမျှပါ



**၅** အခြေခံ အရေးပေါ် လက်ဆွဲအိတ်ကို အဆင်သင့်ပြင်ထားပါ




**၆** မည်သည့်အချိန်၌ အရေးယူဆောင်ရွက်ရမည်ကို သိရှိထားပါ



**7** သင့် အာမခံကိစ္စကို စိစစ်ပါ




**၈** သင်၏ ဒေသခံ ABC ရေဒီယို အသံလွှင့်ရုံကို ဖွင့်နားဆင်နေပါ



SES NSW STATE EMERGENCY SERVICE

Burmese

# ရေလွှမ်းမိုးခြင်းများအတွက် ကြိုတင်ပြင်ဆင်ရန် လုပ်ဆောင်ချက်များ

## 1. သင့်အန္တရာယ်ကို သိရှိထားပါ

- ရေလွှမ်းမိုးမှုများမှာ အန္တရာယ်မကင်းသည့်အပြင် သေစေနိုင်သည်
- ရေလွှမ်းမိုးမှုများသည် ဖုန်းလိုင်းများ၊ ရေ၊ လျှပ်စစ်ဓါတ်အား၊ မိလ္လာနှင့် ဓါတ်ငွေ့များကို ဖြတ်တောက်နိုင်သည်
- ဒေသတွင်း ရေလွှမ်းမိုးမှု သမိုင်းကြောင်းနှင့် ရေတက်သည့် အမြင့်များအကြောင်းကို ကောင်စီရုံး၌ စုံစမ်းပါ
- ဒေသတွင်း ရေလွှမ်းမိုးမှု အန္တရာယ်အကြောင်းကို ဤနယ်မြေ၌ အနေကြာနေသည့်လူများထံ စုံစမ်းပါ
- မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေတိုးခြင်း သို့မဟုတ် ရေတက်ခြင်းကဲ့သို့သော ရေကြီးခြင်းလက္ခဏာများကို သတိပြုပါ
- ပိုမိုသိရှိရန် **NSW SES** (နယူးဆောက်သ်ဝေးလ်စ်ပြည်နယ် အရေးပေါ် ဝန်ဆောင်မှု အဖွဲ့အစည်း) www.ses.nsw.gov.au ဝက်ဘ်ဆိုက်တွင် ကြည့်ပါ

## 2. မည်သည့်နေရာသို့ သွားရမည်ကို နားလည်ထားပါ

- ရေလွှမ်းမိုးနေသည့်ရေနေရာအတွင်း ကားမမောင်းပါနှင့်၊ စက်ဘီးမစီးပါနှင့် သို့မဟုတ် လမ်းမလျှောက်ပါနှင့်။ အန္တရာယ်ပိုမိုကင်းသည့် လမ်းကြောင်းကို ရှာပါ
- ရေလွှမ်းမိုး နယ်မြေပြင်ပရှိ မိတ်ဆွေများ သို့မဟုတ် ဆွေမျိုးများအား ၎င်းတို့၏ အိမ်၌နေနိုင်မည်လားဟု မေးပါ
- အကယ်၍ သင် စွန့်ခွာရန် လိုအပ်လျှင် လုံခြုံစိတ်ချစွာ သွားနိုင်မည့် ခရီးလမ်းကြောင်းကို စဉ်းစားထားပါ

## ၃. မည်သူ့အား ဖုန်းဆက်ရမည်ကို သိရှိထားပါ

- သင့်ဖုန်းတွင် သို့မဟုတ် အနီးအနားတွင် အရေးပေါ် ဖုန်းနံပါတ်များ စာရင်းကို ထားရှိပါ
- ရေလွှမ်းမိုးမှု သို့မဟုတ် လေမုန်တိုင်း အတွင်း အရေးပေါ် အကူအညီအတွက် **NSW SES** ကို ဖုန်း **132 500** ဖြင့်ဆက်ပါ
- အသက်အန္တရာယ်ရှိသည့် အရေးပေါ်ကိစ္စများ၌ ဖုန်း **000** (သုည သုံးလုံး) ကိုဆက်ပါ

## ၄. သင့် အစီအစဉ်ကို ဝေမျှပါ

- သင့် မိသားစုနှင့် အိမ်နီးချင်းတို့နှင့်အတူ ရေလွှမ်းမိုးမှုဆိုင်ရာ အစီအစဉ်ကိုရေးဆွဲပါ
- သင့်တွင် စီးပွားလုပ်ငန်းရှိလျှင် သင့် အိမ်နီးချင်း စီးပွားလုပ်ငန်းရှင်များနှင့်အတူ ရေလွှမ်းမိုးမှုဆိုင်ရာ အစီအစဉ်ကိုရေးဆွဲပါ
- သင့် အစီအစဉ်ကို ပုံမှန် လေ့ကျင့်ထားပါ

## ၅. အခြေခံ အရေးပေါ် လက်ဆွဲအိတ်ကို အဆင်သင့်ပြင်ထားပါ

- အရေးပေါ်လက်ဆွဲအိတ်တစ်ခုအတွင်း ဓာတ်ခဲသုံး လက်ဆွဲရေဒီယို၊ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲများအပို၊ ရှေးဦးသူနာပြုလက်စွဲအိတ်၊ ဖယောင်းတိုင်များ၊ ရေစိုခံမီးခြစ်များ၊ အရေးကြီး စာရွက်စာတမ်းများ၊ အရေးပေါ် အစီအစဉ်များ၊ အရေးပေါ် ဆက်သွယ်ရမည့် နံပါတ်များ၊ နှင့် ရေစိုခံ အိတ်များကို အသင့်ထားထားပါ
- သင့် လက်ဆွဲအိတ်ကို အလွယ်တကူ ယူလို့ရမည့် နေရာ၌ ထားထားပါ

## ၆. မည်သည့်အချိန်၌ အရေးယူ ဆောင်ရွက်ရမည်ကို သိရှိထားပါ

- ရာသီဥတု အခြေအနေများကို စောင့်ကြည့်နေပါ- မိုးလေဝသဌာနမှ ရေလွှမ်းမိုးမှု စောင့်ကြည့်ခြင်းများနှင့် သတိပေးမှုများကို www.bom.gov.au/nsw/warnings ၌ ထုတ်ပြန်ပေးပါသည်
- အန္တရာယ်ရှိသောအရပ်မှ စွန့်ခွာရန် ချမှတ်ထားသည့်အမိန့်အတိုင်း လိုက်နာဆောင်ရွက်ပါ။ သို့မဟုတ် သင်နှင့် သင့်မိသားစုအား ဘေးအန္တရာယ်ဖြစ်စေနိုင်ပါသည်

## 7. သင့် အာမခံကိစ္စကို စိစစ်ပါ

- အကယ်၍ အာမခံရှိလျှင် ၎င်းမှာ သက်တမ်းရှိကြောင်းနှင့် သင့်အခြေအနေနှင့် အန္တရာယ်ကို အကျုံးဝင်ကြောင်း စိစစ်ပါ

## ၈. သင်၏ ဒေသခံ ABC ရေဒီယို အသံလွှင့်ရုံကို ဖွင့်နားဆင်နေပါ

- အရေးပေါ်အခြေအနေ၌ ဒေသခံ ဩစတြေးလျှန်း အသံလွှင့် ကော်ပိုရေးရှင်း **(ABC)** ရေဒီယိုအသံလွှင့်ရုံသည် အရေးပေါ် သတိပေးချက်များ၊ သတင်းအချက်အလက်များနှင့် နောက်ဆုံးသတင်းများကို အသံလွှင့်ပေးပါမည်
- သင့်တွင် ဓာတ်ခဲသုံး ရေဒီယိုတစ်လုံးရှိရန် သေချာစေပါ

Principal Partner

SES NSW STATE EMERGENCY SERVICE
(NSW နယူးဆောက်သ်ဝေးလ်စ် ပြည်နယ် အရေးပေါ် ဝန်ဆောင်မှု အဖွဲ့အစည်း)

NRMA INSURANCE

**ရေလွှမ်းမိုးမှုနှင့် လေမုန်တိုင်းဆိုင်ရာ အရေးပေါ် အကူအညီအတွက်**

**၁၃၂ ၅၀၀**

အသက်အန္တရာယ်ရှိသည့် အရေးပေါ်ကိစ္စများ၌ ဖုန်း **000** (သုည သုံးလုံး) ကိုဆက်ပါ

**မိုသိရှိရန်အတွက်**
**www.ses.nsw.gov.au တွင်ကြည့်ပါ**

#NSWSES /NSWSES /NSWSES